Telecommunications Industry Ombudsman

# TIO အချက်အလက် အကျဉ်းချုပ်

### ရေဒီယို၊ ရုပ်မြင်သံကြား၊ ကြေးနန်း၊ တယ်လီဖုန်း၊ စသည်တို့နှင့် ဆက်သွယ်ခြင်းဆိုင်ရာ လုပ်ငန်းများ၏ ခုံသမာဓိလူကြီး (TIO) ဆိုသည်မှာ ဘာလဲ?

TIO ဆိုသည်မှာ တယ်လီဖုန်းနှင့် အင်တာနက်လုပ်ငန်း ကုမ္ပဏီများနှင့် ဖြစ်ပွားသော ပြဿနာများကို ဖြေရှင်းနိုင်စွမ်း မရှိသူများအား အကူအညီပေးရန် ဖွင့်လှစ်ထားသော အခမဲ့ဝန်ဆောင်မှုဖြစ်ပါသည်။

သို့သော် သင့်အနေနှင့် ကျွန်ုပ်တို့ကိုမဆက်သွယ်မီ သင့်မကျေနပ်ချက်ကို သင့်အားဝန်ဆောင်မှုပေးသူနှင့် ဦးစွာဖြေရှင်းရန် ကြိုးစားရမည် ဖြစ်ပါသည်။

### ကျွန်ုပ်တို့က ဖြေရှင်းပေးနိုင်သည့် အကြောင်းအရာများ

TIO သည် အောက်ဖော်ပြပါအကြောင်းအရာများနှင့် ဆက်နွယ်သော မိုဘိုင်းဖုန်း၊ အိမ်သုံးဖုန်းနှင့် အင်တာနက်ဆိုင်ရာ ကိစ္စများအပေါ် မကျေနပ်ချက်များကို ဖြေရှင်းပေးနိုင်ပါသည် -

- အသုံးပြုခ ငွေတောင်းခံလွှာ(မမှန်ကန်သော အစီအစဉ်စာချုပ် (plan)၊ များယွင်းသော အသုံးပြုခငွေတောင်းခံမှု၊ ရက်နောက်ကျတောင်းခံသော ငွေတောင်းခံမှုများအပါအဝင် )
- မိုဘိုင်းဖုန်းများမှ text message ပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၏ လစဉ်၊ နှစ်စဉ်အသုံးပြုခ ကြော်ငြာများအား လက်ခံရရှိနေရသော ပြဿနာများ ( ၎င်းတို့ကို မတားဆီးနိုင်ခြင်း )
- ချွတ်ယွင်းချက်များနှင့် ဝန်ဆောင်မှု အရည်အသွေး
- ဆက်သွယ်မှုတွင် နောက်ကျခြင်း၊ နှောင့်နှေးခြင်း
- ရရန်အကြွေးတောင်းခံသည့် လုပ်ဆောင်မှုများ (ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ အစီအစဉ်နှင့် အကြွေးဆပ်ရန် ပျက်ကွက်မှုများအတွက် အခက်အခဲများအပါအဝင်)
- သဘောတူစာချုပ်များ (မတရားသော သို့မဟုတ် မရှင်းလင်းသော ဝေါဟာရများနှင့် သတ်မှတ်ချက်များအပါအဝင်)

### ကျွန်ုပ်တို့က ဖြေရှင်းမပေးနိုင်သည့် အကြောင်းအရာများ

အောက်ဖော်ပြပါအကြောင်းအရာများကို ကျွန်ုပ်တို့က ဖြေရှင်းမပေးနိုင်ပါ -

- ကျွန်ုပ်တို့ကိုမဆက်သွယ်မီ လွန်ခဲ့သောနှစ်နှစ်ကျော်ကာလတည်းက သင်သိနေခဲ့သော အကြောင်းအရာကိစ္စများ (အချို့သော ကိစ္စများအတွက် ကျွန်ုပ်တို့က ခြောက်နှစ်ကာလအထိ တိုးမြှင့်နိုင်ပါသည်။)
- ရေဒီယို၊ ရုပ်မြင်သံကြား၊ ကြေးနန်း၊ တယ်လီဖုန်း၊ စသည်တို့နှင့် ဆက်သွယ်ခြင်းဆိုင်ရာ အစိုးရ၏မူဝါဒများ
- ပုဂ္ဂလိကပိုင် ရေဒီယို၊ ရုပ်မြင်သံကြား၊ ကြေးနန်း၊ တယ်လီဖုန်း ပစ္စည်းကိရိယာများ (လက်ကိုင် မိုဘိုင်းဖုန်း သို့မဟုတ် ကွန်ပျူတာများအတွက် ငွေအပြည့်ပေးချေပြီးသည်များအပါအဝင်)
- မိုဘိုင်းဖုန်းခေါ်သံ လစဉ်၊နှစ်စဉ်အသုံးပြုခ သို့မဟုတ် ဝက်ဘ်ဆိုက်များဆိုင်ရာ ဝန်ဆောင်မှုများတွင် ပါဝင်သော အကြောင်းအရာများ
- ကုမ္ပဏီများက သူတို့၏ဝန်ဆောင်မှုများနှင့် ထုတ်လုပ်သော ပစ္စည်းများအတွက် တောင်းခံသည့်ဈေးနှုန်း
- တရားရုံး သို့မဟုတ် အယူခံရုံးတွင် တရားရင်ဆိုင်ခဲ့ရသော (သို့မဟုတ် တရားရင်ဆိုင်ရန် အစီအစဉ်ရှိနေသော) ကိစ္စရပ်များ

### စကားပြန်ဝန်ဆောင်မှု

အကယ်၍ သင်စကားပြန်လိုအပ်ပါက ကျေးဇူးပြု၍ ၁၃၁ ၄၅၀ ကိုဆက်သွယ်ပါ။ ဤဝန်ဆောင်မှုသည် အခမဲ့ဖြစ်ပါသည်။ အကယ်၍ သင် အင်္ဂလိပ်ဘာသာဖြင့်ပြောရန် မိမိကိုယ်မိမိ ယုံကြည်မှုမရှိလျှင် သင့်ကိုယ်စား TIO ထံ မကျေနပ်မှုဖွင့်ဟရန် တစ်စုံတစ်ဦးကို သင့်ကိုယ်စား တာဝန်လွှဲအပ်နိုင်ပါသည်။

Telecommunications Industry Ombudsman

**TIO ထံသို့ ဆက်သွယ်ခြင်း**
အခမဲ့ဖုန်း - ၁၈၀၀ ၀၆၂ ၀၅၈*
TTY - ၁၈၀၀ ၆၇၅ ၆၉၂

ကျွန်ုပ်တို့ထံ စာရေးဆက်သွယ်ရန် -
အခမဲ့ဖက်စ် - ၁၈၀၀ ၆၃၀ ၆၁၄
အီးမေးလ် - tio@tio.com.au

စာပို့ရန် - PO Box 276
Collins Street West Vic 8007

* မိုဘိုင်းဖုန်းများမှတစ်ဆင့် ဆက်သွယ်ခြင်းသည် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းပေါ် မူတည်ပြီး ဆက်သွယ်ခပမာဏတစ်ခု ကုန်ကျမည်ဖြစ်သည်။ အကယ်၍ သင် မိုဘိုင်းဖုန်းမှတစ်ဆင့် ဆက်သွယ်နေပါက ကျွန်ုပ်တို့ကိုပြောပါ၊ ကျွန်ုပ်တို့က သင့်အား ပြန်ခေါ်ပေးပါမည်။